Message Ten

# ရှုသသည် သူမ၏ပန်းတိုင်အတွက် ရွေးချယ်ခြင်း၊ သူမ၏အခွင့်အရေးကို လေ့ကျင့်ခြင်း၊ သူမ၏နားခိုခြင်းအတွက် ရှာဖွေခြင်း၊ ဘုရားသခင်၏စီမံကိန်းအတွက် ဆုလာဘ်ကို ရရှိခြင်း

ဖတ်ရန်ကျမ်း။ ။ ရုသ ၁-၄

**I. တရားသူကြီးများစာစောင်သည် အစ္စရေး၏ စိတ်ပျက်ဖွယ်ရာ သမိုင်းကြောင်း၊ မှောင်မိုက်ဖြစ်ခြင်းနှင့် ဆိုးညစ်ခြင်း စာစောင်ဖြစ်သည်။ တရားသူကြီးများစာစောင်၏ နောက်ဆက်တွဲအဖြစ် ရုသစာစောင်သည် စုံတွဲတစ်တွဲ၏ ထူးကဲသာလွန်သော အဖြစ်အပျက်၊ တောက်ပခြင်း၊ ရနံ့မွှေးကြိုင်ခြင်း မှတ်တမ်းဖြစ်သည်။ ဤအဖြစ်အပျက်၌ အဓိကဖြစ်သောသူ ရုသသည် ဆူးချုံများအကြားမှ ကြီးထွားထွက်ပေါ်လာသော တောနှင်းပင်နှင့် မှောင်မိုက်ည၌ တောက်ပသောကြယ်ကဲ့သို့ ဖြစ်သည် - ရုသ၊၁-၄။**

**II. ရုသစာစောင်အခန်း ၁ တွင် ဧလိမလက်သည် ဘုရားသခင်၏စီမံကိန်း၌ နားခိုခြင်းမှ ချိုးကွေ့သွားခြင်း (အငယ်၊၁-၂)၊ နောမိသည် ဘုရားသခင်၏စီမံကိန်း၌ နားခိုခြင်းသို့ ပြန်လှည့်လာခြင်း (အငယ်၊၃-၇၊ ၁၉-၂၂) နှင့် ရုသသည် သူမ၏ပန်းတိုင်အတွက် ရွေးချယ်မှုပြုခြင်း (အငယ်၊၈-၁၈) တို့ကို ပြောထားသည်။**

A. ရုသစာစောင်သည် နားခိုခြင်းစာစောင်ဖြစ်သည်။ ဥပုသ်နေ့နားခိုခြင်းသည် ကျွန်ုပ်တို့၏နားခိုခြင်းဖြစ်သော ခရစ်တော်ဖြစ်ကာ၊ ကောင်းသောမြေ ခါနန်ပြည်အားဖြင့် ပုံဆောင်ထားသည် - တရား၊၁၂း၉။ ဟေဗြဲ၊၄း၈-၉။

1. ဘုရားသခင်သည် သတ္တမနေ့၌ နားခိုတော်မူသည်၊ အကြောင်းမှာ ကိုယ်တော်သည် သူအလိုတော်ရှိသောအရာကို ရရှိခဲ့သောကြောင့် ဖြစ်သည်။ ဘုရားသခင့်စိတ်နှလုံးတော်၏ အလိုဆန္ဒမှာ မြေကြီးပေါ်ရှိ လူသည် ကိုယ်တော်၏ပုံသဏ္ဌာန်တော်၌ ကိုယ်တော်ကို ထင်ရှားရန်နှင့် ကိုယ်တော်၏အုပ်စိုးခြင်းနှင့်အတူ ကိုယ်တော်ကို ကိုယ်စားပြုစေရန် ဖြစ်သည် - က၊၁း၂၆-၂၈။ ရော၊၈း၂၈-၂၉။ ၂ကော၊၃း၁၈။ ရော၊၅း၁၇၊ ၂၁။ ဗျာ၊၅း၉-၁၀။ ၂၂း၅။
2. ဓမ္မဟောင်းကျမ်း၌ ကောင်းသောမြေသည် နားခိုခြင်းဖြစ်သည်၊ အကြောင်းမှာ ဗိမာန်တော်သည် ထိုနေရာ၌ တည်ဆောက်ထားနိုင်ခြင်းရှိသောကြောင့် ဖြစ်သည်။ ဗိမာန်တော်သည် အစ္စရေးအမျိုးသားတို့က ကောင်းသောမြေအထဲသို့ ဝင်ရောက်သွားခြင်း၏ အဆုံးစွန်ပြီးမြောက်ပြည့်စုံခြင်းဖြစ်သည်။ ဗိမာန်တော်နှင့်အတူ ဘုရားသခင်သည် ကိုယ်တော်၏ထင်ရှားခြင်းကို ရရှိကာ၊ ကိုယ်တော်၏နိုင်ငံတော်၊ အုပ်စိုးခြင်း၊ စီမံခန့်ခွဲခြင်းအတွက် ကိုယ်တော်ကို ကိုယ်စားပြုခြင်း ရှိနိုင်ခဲ့သည် - ၁ဘုရင်၊၈း၁-၁၁။
3. ခရစ်တော်သည် သန့်ရှင်းသူများအဖို့ အဆင့်သုံးဆင့်၌ နားခိုရာဖြစ်သည်။
   a. အသင်းတော်ခေတ်၌ ကောင်းကင်ဆိုင်ရာ ခရစ်တော်ဖြစ်သည့် ဘုရားသခင်ကို ထင်ရှားခြင်း၊ ကိုယ်စားပြုခြင်းနှင့် ကျေနပ်စေခြင်းရှိသောသူ၊ မိမိ၏အလုပ်မှ နားခိုကာ၊ ကောင်းကင်များ၌ ဘုရားသခင်၏လက်ယာတော်ဘက်တွင် ထိုင်နေသောသူသည် ကျွန်ုပ်တို့၏ဝိညာဉ်၌ ကျွန်ုပ်တို့အဖို့ နားခိုရာဖြစ်သည်။ ကျွန်ုပ်တို့၏နားခိုရာအဖြစ် ကိုယ်တော်သည် ကျွန်ုပ်တို့၏စုံလင်သော ငြိမ်သက်ခြင်းနှင့် ပြည့်ဝသော ကျေနပ်နှစ်သိမ့်ခြင်းဖြစ်သည် - မ၊၁၁း၂၈-၂၉။
   b. မိလေနိနိုင်ငံတော်၌ စာတန်သည် မြေကြီးမှ ဖယ်ရှားခံရပြီးနောက် (ဗျာ၊၂၀း၁-၃) ဘုရားသခင်သည် ခရစ်တော်နှင့် အောင်မြင်သောသန့်ရှင်းသူများအားဖြင့် ထင်ရှားခြင်း၊ ကိုယ်စားပြုခြင်းနှင့် ကျေနပ်နှစ်သိမ့်ခြင်း ရှိလိမ့်မည်ဖြစ်သည်။ ထိုနောက် နိုင်ငံတော်နှင့်အတူ ခရစ်တော်သည် အောင်မြင်သော သန့်ရှင်းသူများအဖို့ ပို၍ပြည့်ဝသောနည်းလမ်း၌ နားခိုရာဖြစ်လိမ့်မည်၊ သူတို့သည် ကိုယ်တော်နှင့်အတူ တွဲဖက်ဘုရင်များဖြစ်ကြကာ (အငယ်၊၄၊ ၆) ကိုယ်တော်၏ နားခိုခြင်းကို မျှဝေကာ မွေ့လျော်ဝမ်းမြောက်ကြမည်ဖြစ်သည်။
   c. ကောင်းကင်သစ်နှင့် မြေကြီးသစ်၌ ရန်သူများအားလုံး၊ နောက်ဆုံးသောရန်သူဖြစ်သည့် သေခြင်းအပါအဝင် အားလုံးသည် ကိုယ်တော်ထံ ဝန်ခံခြင်းရှိပြီးနောက် (၁ကော၊၁၅း၂၄-၂၇) အလုံးစုံ အောင်နိုင်သောအရှင် ခရစ်တော်

သည် ထာဝရကာလပတ်လုံး ဘုရားသခင်၏ရွေးနုတ်ခံများအားလုံးအဖို့ အပြည့်ဝဆုံးနည်းလမ်း၌ နားခိုခြင်းဖြစ်လိမ့်မည်ဖြစ်သည်။

B. ဧလိမလက်သည် ကောင်းသောမြေကို စွန့်ခွာသွားခြင်းမှာ သူသည် ဘုရားသခင်၏စီမံကိန်း၌ နားခိုခြင်းမှ ချိုးကွေ့သွားခြင်းကို ဆိုလိုပြီး၊ ထိုသို့ဖြင့် မိမိကိုယ်ကို ဘုရားသခင်၏စီမံကိန်းမှ ဖြတ်တောက်လိုက်ခြင်း ဖြစ်သည်။ သူသည် ယုဒပြည်၌ ကြွလာမည့် ခရစ်တော်၏ မွေးရပ်မြေ (မိက္ခာ၊၅း၂။ လု၊၂း၄-၇) ဗက်လင်မြို့ ကောင်းသောမြေ၏ အထွတ်အထိပ်အပိုင်း (က၊၄၉း၈-၁၀။ ထွ၊၃း၈ခ။ တရား၊၈း၇-၁၀)မှ ရုပ်တုကိုးကွယ်ရာတိုင်းပြည်ဖြစ်သည့် မောဘပြည်သို့ ချိုးကွေ့သွားခဲ့သည် (သူကြီး၊၁၀း၆)။

C. နောမိသည် ကောင်းသောမြေသို့ လှည့်ပြန်လာခြင်းမှာ သူမသည် ဘုရားသခင်၏စီမံကိန်း၌ နားခိုခြင်းသို့ လှည့်ပြန်လာခြင်းဖြစ်ကာ၊ ရုပ်တုကိုးကွယ်ရာတိုင်းပြည်ဖြစ်သည့် မောဘပြည်မှ ဧမာနွေလ၏မြေ ယုဒပြည်သို့ (ဟေရှာ၊၈း၈) ဗက်လင်မြို့ တည်းဟူသော ခရစ်တော်၏ မွေးရပ်မြေသို့ ရောက်ရှိရန် ပြန်လာခြင်းဖြစ်သည် (ရု၊၁း၁၉က၊ ၂၂ခ)။ သူမသည် ချွေးမဖြစ်သူ ရုသနှင့်အတူ ပြန်လာခဲ့ပြီး၊ ထိုသူသည် ခရစ်တော်နှင့်စပ်လျဉ်း၍ ကိုယ်တော်၏စီမံကိန်း ပြီးမြောက်ပြည့်စုံခြင်းအတွက် ဘုရားသခင်က ပေးထားခဲ့ခြင်းဖြစ်သည် (အငယ်၊၂၂က)။

D. ရုသသည် ခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်ခြင်း၌ ဘုရားသခင်၏ရွေးချယ်ခံတို့နှင့်အတူ ပါဝင်ဆက်ဆံခြင်း ပန်းတိုင်ကို ရွေးချယ်ခဲ့ပြီး၊ သူမသည် ခရစ်တော်၏ အရေးကြီးသော ဘိုးဘေးတစ်ဦးဖြစ်လာခဲ့ကာ၊ ခရစ်တော်ကို လူသားမျိုးနွယ်အထဲသို့ မွေးဖွားခြင်းအား ကူညီခဲ့သူဖြစ်သည်။ ဤအရာသည် ခရစ်တော်နှင့် စပ်လျဉ်း၍ ဘုရားသခင်၏ စီမံကိန်းကို သယ်ဆောင်ခြင်းအတွက် သူမက ဘုရားသခင်နှင့် ကိုယ်တော်၏ နိုင်ငံတော်ကို ရွေးချယ်ခြင်းဖြစ်သည် - မ၊၁း၅-၆။

## III. ရုသစာစောင် အခန်း ၂ တွင် ရုသအကြောင်းကို ပြောထားပြီး၊ မိမိ၏ ဘုရားမဲ့ဝါဒီနောက်ခံမှ ဘုရားသခင်ထံသို့ လှည့်ပြန်လာကာ ဘုရားသခင့် ရွေးချယ်ခံတို့၏ အမွေခံရာမှ ကြွယ်ဝသောထုတ်ကုန်ကို ပါဝင်ဆက်ဆံရန် သူမ၏အခွင့်အရေးကို လေ့ကျင့်ခဲ့သူ အကြောင်း ပြောထားသည်။

A. သူမ၏ သုံးဆသော အနေအထားဖြစ်သည့် လှည့်လည်သွားလာသူ၊ ဆင်းရဲသူ၊ မုဆိုးမ ဖြစ်ခြင်းတို့အရ ရုသသည် စပါးကျန်ကို ကောက်ရန် သူမ၏အခွင့်အရေးကို လေ့ကျင့်ခဲ့သည်၊ သူမသည် စပါးကျန်ကို ကောက်ခြင်းမှာ သူမသည် တောင်းစားနေခြင်းမဟုတ်ဘဲ၊ သူမ၏ အခွင့်အရေးဖြစ်သည်။

B. ကောက်ရိတ်သိမ်းခြင်းနှင့် စပ်လျဉ်း၍ ဘုရားသခင်၏ ဝိနည်းအထုံးအဖွဲ့မှာ အစ္စရေးအမျိုးသားတို့က လယ်ထောင့်များနှင့် စပါးကျန်များကို ဆင်းရဲသားများ၊ လှည့်လည်သွားလာသူများ၊ မိဘမဲ့များ၊ မုဆိုးမများအတွက် ချန်ထားပေးခဲ့မည်ဆိုလျှင် ယေဟောဝါသည် အစ္စရေးလူတို့ကို ကောင်းချီးပေးလိမ့်မည်ဖြစ်သည် - ဝတ်၊၂၃း၂၂။၁၉း၉-၁၀။ တရား၊၂၄း၁၉။

C. ဗောဇသည် ဤဝိနည်းအထုံးအဖွဲ့ကို နာခံခဲ့ပြီး၊ ယေဟောဝါ၌ သူ၏ကြီးစွာသော ယုံကြည်ခြင်းကို သက်သေခံနေသည်။ ဘုရားသခင်၏ အုပ်စိုးမှုအောက်၌ ဤဝိနည်းအထုံးအဖွဲ့သည် တစ်ဦးတည်းသောပုဂ္ဂိုလ်ဖြစ်သည့် ရုသအတွက် ရေးသားပေးထားခြင်းဖြစ်ပုံရသည်။

D. ရုသသည် ထိုမြေအထဲသို့ ပြန်လာပြီးနောက် ကောင်းသောမြေ၏ ထုတ်ကုန်များကို မွေ့လျော်ဝမ်းမြောက်ရန် အခွင့်ရှိသည် နည်းတူပင်၊ ကျွန်ုပ်တို့သည် ကိုယ်တော်အထဲသို့ ယုံကြည်လက်ခံပြီးနောက် ကျွန်ုပ်တို့၏ကောင်းသောမြေဖြစ်သည့် ခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်ရန် အခွင့်ရှိကြသည်။ ရုသက ကောင်းသောမြေ၏ ထုတ်ကုန်ကို ရရှိရန်နှင့် ပိုင်ဆိုင်ရန် သူမ၏ အခွင့်အရာကို လေ့ကျင့်ခြင်းမှာ ခရစ်တော်အထဲသို့ ယုံကြည်ခြင်းနှင့် ကျွန်ုပ်တို့၏"ပေါင်းစည်းဆက်နွှယ်သော" ဝိညာဉ်၌ ကိုယ်တော်နှင့် အသက်ဆိုင်ရာ ပေါင်းစည်းဆက်နွှယ်ပြီးနောက် (ရော၊၈း၁၆။ ၁ကော၊၆း၁၇) ကျွန်ုပ်တို့သည် ကိုယ်တော်ကို ရရှိရန်၊ ပိုင်ဆိုင်ရန်၊ တွေ့ကြုံခံစားရန်နှင့် မွေ့လျော်ဝမ်းမြောက်ရန် ခရစ်တော်ကို စတင်ရှာဖွေဆည်းပူးရမည်ဖြစ်သည် (ဖိ၊ ၃း၇-၁၆)။

E. ရုသစာစောင်သည် အပြစ်သားများက ခရစ်တော်၌ ပါဝင်ဆက်ဆံရန်၊ ခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်ရန် နည်းလမ်း၊ အနေအထား၊ အရည်အချင်း၊ အခွင့်အရာတို့ကို ပုံဖော်ပြသထားသည်။ ဘုရားသခင်၏စီမံထုံးဖွဲ့ထားချက်အရ ခရစ်တော်

အထဲသို့ ယုံကြည်သည့် ကျွန်ုပ်တို့သည် ခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်ရန် ကျွန်ုပ်တို့၏အခွင့်အရေးကို တောင်းဆိုခြင်းဌာ အရည်အချင်းရှိပြီး၊ အနေအထားလည်း ရှိကြပြီဖြစ်သည် (ကော၊၁း၁၂။ ဗျာ၊၂း၇။ ၂၂း၁၄)။

F. ဖြစ်စဉ်ဇာတ်ကြောင်းအနေဖြင့် ရုသစာစောင်သည် ချစ်ဖွယ်သော၊ ထိတွေ့ဖွယ်သော၊ အခိုင်အမာယုံကြည်စေသော၊ သိမ်းပိုက်လွှမ်းမိုးဖွယ်သော စာစောင်ဖြစ်သည်။ အခန်း ၂ ရှိ ရန့်မွေးကြိုင်ဖွယ်သော ဇာတ်လမ်း၌ ပုံစံလေးမျိုးကို ညွှန်းဆိုဖော်ပြထားသည်။

1. ဥစ္စာဓန ချမ်းသာကြွယ်ဝသည့် (အငယ်၊၁) ဗောဇသည် ဘုရားဆိုင်ရာကျေးဇူးတော်၌ ကြွယ်ဝသည့် ခရစ်တော်ကို ပုံဆောင်သည် (၂ကော၊၁၂း၇-၉)။
2. ဘုရားသခင်ကတိပေးထားသော ကောင်းသောမြေ၏ လယ် (ရု၊၂း၂-၃) သည် အရာအားလုံးပါဝင်သည့် ခရစ်တော်ကို ပုံဆောင်ကာ၊ ကိုယ်တော်သည် ဘုရားသခင့် ရွေးချယ်ခံတို့၏ အသက်မစရာအတွက် ဝိညာဉ်ရေးရာနှင့် ဘုရားဆိုင်ရာ ထုတ်ကုန်များအားလုံး၏ အရင်းအမြစ်ဖြစ်သည် (ဖိ၊၁း၁၉-၂၁က)။
3. မုယောစပါးနှင့် ဂျုံစပါး (ရု၊၂း၂၃) သည် ဘုရားသခင်နှင့် ကိုယ်တော်၏ လူမျိုးတော်အတွက် အစားအစာပြုလုပ်ရန် တန်ဆာပလာအဖြစ် ခရစ်တော်ကို ပုံဆောင်သည် (ဝတ်၊၂။ ယော၊၆း၉၊ ၃၃၊ ၃၅)။
4. မောဘအမျိုးသမီးဖြစ်သည့် ရုသသည် ဘုရားသခင်၏ကတိတော်များမှ ကင်းကွာသွားခဲ့သည့် ဘုရားမဲ့သော အပြစ်သားဖြစ်ကာ (တရား၊၂၃း၃။ ညွှန်း၊ ဧ၊၂း၁၂)၊ သူမသည် ဘုရားသခင့်ရွေးချယ်ခံတို့၏ ကောက်ရိတ်သိမ်းခြင်းမှ စပါးကျန်များကို ကောက်ယူရန် အခွင့်ပေးထားခြင်းရှိကာ၊ ၎င်းမှာ တစ်ပါးအမျိုးသား "ခွေးများ" ကို ပုံဆောင်၍၊ သူတို့သည် ဘုရားသခင့် ရွေးချယ်ခံ သားသမီးများ၏ ဝေစု စားပွဲမှ ကျသော စားနုပ်စားပေါက်များအဖြစ် ခရစ်တော်ကို ရယူစားသုံးရန် အခွင့်ရှိသူများဖြစ်ကြသည် (မ၊၁၅း၂၁-၂၈ နှင့် အငယ် ၂၇ ရှိ မှတ်စု ၁)။

## IV. ရုသစာစောင်၏ အခန်း ၃ တွင် ရုသသည် သူမ၏နားခိုခြင်းအတွက် ရှာဖွေခြင်းကို ပြောထားသည်။

A. "တစ်ဖန် (ရုသ၏) ယောက္ခမ နောမိက၊ ငါ့သမီး၊ သင့်ကို ချမ်းသာစေခြင်းငှာ နားခိုရာအရပ်ကို သင့်အဖို့ ငါရှာမည်"ဟုပြောခဲ့သည် - အငယ်၊၁။

1. နောမိက ရုသ၏ ခင်ပွန်းဖြစ်ရန် သင့်လျော်မှန်ကန်သည့် ပုဂ္ဂိုလ်မှာ ဗောဇဖြစ်ကြောင်း သိနားလည်ခဲ့သည်။ ထို့ကြောင့် နောမိသည် ရုသအား လက်ထပ်ခြင်းပြုရန် စေ့ဆော်ပေးခြင်းငှာ "ကြားလူ"အဖြစ် ပြုမူခဲ့သည်။
2. ဓမ္မသစ်၏ စစ်မှန်သောအမှုဆောင်များသည် ခရစ်တော်၌ရှိသော ယုံကြည်သူများကို သူတို့၏သတို့သားအဖြစ် ကိုယ်တော်ကို ချစ်ရန် နှိုးဆော်ပေးခြင်း၌ နောမိကဲ့သို့ဖြစ်ကြကာ၊ ထိုသို့ဖြင့် သူတို့သည် ကိုယ်တော်ကို သူတို့၏ခင်ပွန်းအဖြစ် ယူဆောင်နိုင်မည်ဖြစ်သည် - ၂ကော၊၁၁း၂။ ဗျာ၊၁၉း၇။ ၂၁း၉-၁၀။
3. ကျွန်ုပ်တို့အဖို့ နားခိုခြင်းရှိရန် တစ်ခုတည်းသောနည်းလမ်းမှာ ခရစ်တော်ကို ကျွန်ုပ်တို့၏ခင်ပွန်းအဖြစ် ယူဆောင်ခြင်းရှိရန်ဖြစ်သည်။ ကျွန်ုပ်တို့သည် ကိုယ်တော်ကို ကျွန်ုပ်တို့၏ခင်ပွန်းအဖြစ် သိကျွမ်းရမည်၊ ကျွန်ုပ်တို့၏ခင်ပွန်းအဖြစ် ယူဆောင်ရမည်၊ ကိုယ်တော်နှင့် အနီးကပ်ဆုံး၊ အရင်းနှီးဆုံး ဆက်နွယ်မှု၌ အသက်ရှင်ရမည်ဖြစ်သည် - ၁ကော၊၂း၉။ ညွှန်း၊ ၁၆း၂၂။
4. ကျွန်ုပ်တို့သည် ခရစ်တော်ကို လက်ထပ်ပြီး၊ ကိုယ်တော်ကို ကျွန်ုပ်တို့၏ခင်ပွန်းအဖြစ် ယူဆောင်မည်ဆိုလျှင် ကျွန်ုပ်တို့၏ အသက်တာသည် ပြောင်းလဲသွားလိမ့်မည်ဖြစ်သည်။ ကျွန်ုပ်တို့၌ ဇနီး၏ သစ္စာရှိခြင်း ရှိရမည်ဖြစ်ကြောင်း ကျွန်ုပ်တို့သိနားလည်ကာ၊ ခရစ်တော်ကို ကျွန်ုပ်တို့၏ အသက်နှင့် ကျွန်ုပ်တို့၏ပုဂ္ဂိုလ်အဖြစ် မည်သို့မွေ့လျော်ရမည်ကို သင်ယူ၍၊ ကိုယ်တော်နှင့် တစ်လုံးတစ်ဝဖြစ်ခြင်း၌ လျှောက်လှမ်းခြင်း၊ ပြုမူခြင်း ရှိလိမ့်မည်ဖြစ်သည် - ၂ကော၊၂း၁၀။

B. ကောင်းသောမြေသို့ ပြန်လာ၍ ၎င်း၏ကြွယ်ဝသော ထုတ်ကုန်ကို မွေ့လျော်ဝမ်းမြောက်ရန် သူမ၏အခွင့်ကို လေ့ကျင့်ပြီးနောက်၊ ရုသသည် အိမ်ကို လိုအပ်နေသေးသည်၊ သို့မှသာ သူမသည် နားခိုခြင်းရှိနိုင်မည်ဖြစ်သည်။ ဤသို့သော နားခိုခြင်းသည် ထိမ်းမြားလက်ထပ်ခြင်းမှတစ်ဆင့်သာလျှင် ရောက်လာနိုင်သည်။

1. ကျွန်ုပ်တို့သည် ကယ်တင်ခံရ၍ သခင်ဘုရားကို ချစ်ခြင်း ရှိကြသော်လည်း၊ ကျွန်ုပ်တို့၏နားခိုခြင်းအတွက် အိမ်ကို ရရှိရန်အလို့ငှာ ကျွန်ုပ်တို့သည် သခင်ယေရှုကို လက်ထပ်ရမည်၊ ကိုယ်တော်ကို ကျွန်ုပ်တို့၏ခင်ပွန်းအဖြစ် ယူဆောင်ကာ၊ ကျွန်ုပ်တို့၏အိမ်အဖြစ် အသင်းတော်၌ ကိုယ်တော်နှင့် အတူတကွ အသက်ရှင်နေရမည်ဖြစ်သည် - ရော၊၇း၄။ ၂ကော၊ ၁၁း၂။ ဧ၊၅း၂၅-၂၇။
2. ကျွန်ုပ်တို့၏ခင်ပွန်းအဖြစ် ခရစ်တော်နှင့် ကျွန်ုပ်တို့၏အိမ်အဖြစ် အသင်းတော်သည် ကျွန်ုပ်တို့အဖို့ မှန်ကန်သင့်လျော်သော၊ ပြည့်စုံလုံလောက်သော နားခိုခြင်းရှိရန် ပြည့်စုံသော ယူနစ်တစ်ခုဖြစ်သည် (အငယ်၊၃၂)။

C. မဿဲ ၁း၅-၆ နှင့် ၁၆ ၏အလင်း၌ ဆင်ခြင်သောအခါ၊ ရုသသည် သူမ၏နားခိုရာကို ရှာခြင်းမှာ အမှန်တွင် ခရစ်တော်ကို မွေးဖွားလာမည့် ဆွေစဉ်မျိုးဆက် ဆက်လက်တည်ရှိခြင်းအတွက်ဖြစ်သည်။

D. ဗောဇက ရုသအား "ငါသည် ရွေးပိုင်သော အမျိုးသားချင်း မှန်ပေ၏။ သို့သော်လည်း ငါ့ထက် သာ၍ ရွေးပိုင်သော အမျိုးသားချင်းတစ်ယောက် ရှိသေး၏" ဟုပြောခဲ့သည် - ရု၊၃း၁၂။
1. ဤကျမ်းပိုဒ်ရှိ ရုသ၏ ခင်ပွန်းအဖြစ် ပထမရွေးပိုင်သော အမျိုးသားချင်း၊ ရုသ၏ အနီးကပ်ဆုံးအမျိုးသားချင်းမှာ ကျွန်ုပ်တို့၏ဇာတိလူကို ပုံဆောင်ပြီး၊ ကျွန်ုပ်တို့လူဟောင်း၏ (အပြစ်) ကြွေးတင်ခြင်းမှ ကျွန်ုပ်တို့ကို မရွေးနိုင်သော၊ ရွေးနုတ်မည်မဟုတ်သောသူ ဖြစ်သည် (၄း၁-၆)။
2. ရုသ၏ခင်ပွန်းအဖြစ် ဒုတိယရွေးပိုင်သောအမျိုးသားချင်းဖြစ်သည့် ဗောဇသည် ခရစ်တော်ကို ပုံဆောင်ကာ၊ သူသည် အသွေးနှင့် အသားကို ယူဆောင်ပြီး (ဟေဗြဲ၊၂း၁၄) ကျွန်ုပ်တို့၏ ရွေးပိုင်သောအမျိုးသားချင်းဖြစ်လာ၍၊ ကျွန်ုပ်တို့ကို အပြစ်မှ ရွေးနုတ်သူ၊ ဘုရားသခင်၏ဖန်ဆင်းခြင်းရှိ ကျွန်ုပ်တို့ ဇာတိလူ၏ ဆုံးရှုံးသွားသော အခွင့်အရာကို ပြန်လည်ရယူပေးသူ၊ ကျွန်ုပ်တို့နှင့်အတူ ကိုယ်တော်၏ဘုရားဆိုင်ရာ ရှင်သန်သောပေါင်းစည်းမှု၌ ကျွန်ုပ်တို့၏အသစ်သော ခင်ပွန်းဖြစ်လာသူ၊ ကျွန်ုပ်တို့ကို ကိုယ်တော်၏တိုးပွားခြင်းအတွက် ကိုယ်တော်၏ အဖော်အဖက်အဖြစ် ယူဆောင်သူဖြစ်သည် (ရု၊၄း၇-၁၃)။

## V. ရုသစာစောင် အခန်း ၄ တွင် ရုသသည် ဘုရားသခင်၏စီမံကိန်းအတွက် ဆုလာဘ်ကို ရရှိခြင်းအား ပြောထားသည်။

A. ဘုရားသခင်၏စီမံကိန်းအတွက် သူမ၏ဆုလာဘ် အစိတ်အပိုင်းအဖြစ် ရုသသည် ရွေးနုတ်သော ခင်ပွန်းကို ရရှိခဲ့ကာ၊ ယင်းမှာ ယုံကြည်သူများ၏ ရွေးနုတ်သော ခင်ပွန်းအဖြစ် ခရစ်တော်ကို ပုံဆောင်ခြင်းဖြစ်သည်။ ယခုတွင် ခရစ်တော်၌ ယုံကြည်သူများအဖြစ် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ထာဝရဖြစ်သော၊ မျက်မှောက်ရှိနေသော၊ နေ့စဉ်ဖြစ်သော ရွေးနုတ်ဖြစ်သည့် ခင်ပွန်းရှိကာ၊ ကျွန်ုပ်တို့၏ ဒုက္ခပြဿနာများအားလုံးမှ ကျွန်ုပ်တို့ကို ရွေးနုတ်ခြင်း၊ ကျွန်ုပ်တို့ကို ကယ်တင်ခြင်း၊ ကျွန်ုပ်တို့ကို လွတ်မြောက်စေခြင်း ပြုနေသည်။

B. ရွေးနုတ်သောခင်ပွန်းကို ရရှိခြင်းအပြင် ရုသသည် သူမ၏ ဆုံးပါးသွားသော ခင်ပွန်း၏ အကြွေးတင်ခြင်းမှလည်း ရွေးနုတ်ခံရသည် (အငယ်၊၁-၉)။ ဤသည်မှာ ယုံကြည်သူများသည် သူတို့လူဟောင်း၏ အပြစ်မှ ရွေးနုတ်ခံရခြင်းကို ပုံဆောင်သည်။
1. ရောမ ၆း၆ နှင့် ၇း၂-၄ အရ ဆုံးပါးပြီးသော ခင်ပွန်း၊ ကျွန်ုပ်တို့၏ခင်ပွန်းဟောင်းမှာ ကျွန်ုပ်တို့၏လူဟောင်းဖြစ်သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့ကို ကိုယ်တော်၏ဇနီးဖြစ်စေရန် ဖန်ဆင်းခဲ့သည်၊ သို့သော် ကျွန်ုပ်တို့သည် ကိုယ်တော်ကို ဆန့်ကျင်ပုန်ကန်ခဲ့သည်။ ကျွန်ုပ်တို့သည် ကိုယ်တော်ကို စွန့်လွှတ်ကာ၊ မိမိတို့ကိုယ်တိုင်အတွက် ခင်ပွန်း၏အနေအထားကို ဟန်ဆောင်ရယူခဲ့ကြသည်။
2. ကျွန်ုပ်တို့၏ အပြစ်ပြည့်ဝသောခင်ပွန်းသည် ကျွန်ုပ်တို့ကို များစွာသော အကြွေးများဖြင့် ဝန်ပိစေခဲ့သည်၊ သို့သော် ကျွန်ုပ်တို့သည် ခရစ်တော်ကို လက်ထပ်ခဲ့သောနေ့၌ ကျွန်ုပ်တို့၏ ခွန်အားတန်ခိုးကြီးသော၊ အနန္တတန်ခိုးရှင် ရွေးနုတ်ရှင်ဖြစ်သည့် ခင်ပွန်းကို ရရှိခဲ့ကြသည်။ ကျွန်ုပ်တို့အားလုံးသည် ခရစ်တော်ကို ထိုသို့သော ခင်ပွန်းအဖြစ် လိုအပ်ပြီး၊ ကျွန်ုပ်တို့က ကိုယ်တော်ထံသို့ အလေ့အထတစ်ခုအဖြစ် ကိုယ်တော်ထံ လာကာ၊ "သခင်ယေရှု၊ ကိုယ်တော်ကို လိုအပ်ပါ၏" ဟု ရိုးရိုးလေး ပြောရမည်ဖြစ်သည်။

C. ရုသ၏ နောက်ထပ် ဆုလာဘ်သွင်ပြင်တစ်ခုမှာ သူမသည် ခရစ်တော်ကို ထုတ်လုပ်ရန်အတွက် ဒါဝိဒ်၏ တော်ဝင်အိမ်တော်ကို မွေးဖွားလာမည့် ဆွေစဉ်မျိုးဆက်၌ အရေးပါသော ဘိုးဘေးဘီဘင်တစ်ဦးဖြစ်လာခြင်း ဖြစ်သည် (ရု၊၄း၁၃ခ-၂၂။ မ၊၁း၅-၁၆)။ ဤသည်မှာ သူမသည် ခရစ်တော်ကို လူသားမျိုးဆက်အထဲသို့ မွေးဖွားလာရန် အနေအထားနှင့် စွမ်းရည်တို့နှင့်အတူ အရာအားလုံးပါဝင်သော၊ အရာအားလုံးကျယ်ပြန့်သော အမြတ်ရရှိခြင်း ရှိခဲ့ကြောင်း ရည်ညွှန်းသည်။ သူမသည် ခရစ်တော်ကို မြေကြီး၏ အရပ်မျက်နှာရှိသမျှသို့ ယူဆောင်လာသော ကွင်းဆက်၌ ကြီးစွာသော ချိတ်ဆက်မှု ဖြစ်ခဲ့သည်။

D. ရုသသည် ခရစ်တော်ကို ထုတ်လုပ်ခြင်းအတွက် ဆွေစဉ်မျိုးဆက်၌ အရေးပါသော ဘိုးဘေးဘီဘင်တစ်ဦးဖြစ်လာခဲ့ရုံသာမက၊ ခရစ်တော်၏ လူ့ဇာတိခံခြင်းအတွက် ဘုရားသခင်ဖန်ဆင်းထားသော လူသားဇာတိ၏ လမ်းကြောင်းကို ဆက်လက်ဖြစ်ပွားစေခဲ့သူလည်းဖြစ်သည်။ ခရစ်တော်၏ လူ့ဇာတိခံခြင်းသည် ကိုယ်တော်ကို ထာဝရမှ အချိန်ကာလအထဲသို့၊ ကိုယ်တော်၏ဘုရားဇာတိကို လူသားဇာတိအထဲသို့ ခေါ်ဆောင်လာခြင်း အကြောင်းအရာဖြစ်သည်။

1. ကျွန်ုပ်တို့ ခရစ်ယာန်အသက်တာ၏ နေ့စဉ်တိုင်းသည် ခရစ်တော်၏လူ့ဇာတိခံခြင်း ဆက်လက်ဖြစ်ပွားခြင်း ဖြစ်ကာ၊ ခရစ်တော်ကို ဝိညာဉ်တော်အဖြစ် အခြားသူများအထဲသို့ အမှုဆောင်ခြင်းမှတစ်ဆင့် သူတို့အထဲသို့ ခရစ်တော်သည် မွေးဖွားလာရန် ယူဆောင်ခြင်းအကြောင်းအရာ ဖြစ်သင့်ပေသည် - ၂ကော၊၃း၆။
2. ဤအရာဖြစ်ပျက်လာရန်အလို့ငှာ ကျွန်ုပ်တို့အားလုံးသည် ခရစ်တော်အတွက် စကားပြောရမည်၊ ခရစ်တော်ကို ပြောထွက်ရမည်၊ ခရစ်တော်ကို အခြားသူများအထဲသို့ ဟောပြောရန် လိုအပ်သည်။ ဤနည်းလမ်း၌ ခရစ်တော်ကို အမှုဆောင်ခြင်းမှာ ကျွန်ုပ်တို့ကို အမှန်ပင် ပြောင်းလဲစေမည်၊ ကျွန်ုပ်တို့ ဂရုစိုက်ပေးသည့်သူများသည်လည်း ကိုယ်တော်၏ ပုံသဏ္ဍာန်တော်အထဲသို့ ကျွန်ုပ်တို့၏ ပုံသဏ္ဍာန်ပြောင်းလဲခြင်းအတွက် ဇီဝဆိုင်ရာနည်းလမ်း၌ ပြောင်းလဲခြင်းရှိလိမ့်မည်ဖြစ်သည် - အငယ်၊၁၈။ ၄း၁။

*© 2021 Living Stream Ministry*